# မာတိကာ


| | | |
|---|---|---|
| ၁။ | မိတ်ဆွေကြီး (၉) ယောက် Nine Friendship | ၁ |
| ၂။ | ပြဿနာ နှင့် အဖြေထုတ်နည်း | ၂ |
| ၃။ | အခန်း (၁) IQ, EQ Level | ၅ |
| ၄။ | အခန်း (၂) Justice Theory | ၂၃ |
| ၅။ | အခန်း (၃) Irresponsible & Amoral တာဝန်မဲ့မှုနှင့် ကိုယ်ကျင့်ပျက်မှု | ၃၅ |
| ၆။ | အခန်း (၄) 'စီ' ခြောက်လုံးသီအိုရီ | ၄၁ |
| ၇။ | အခန်း (၅) Arbitration, Problem Solution and Compromising | ၄၅ |
| ၈။ | အခန်း (၆) Win Win Theory | ၅၅ |
| ၉။ | အခန်း း(၇) မဟာတြိဂံသီအိုရီ Hyper Triangle Theory | ၆၅ |
| ၁၀။ | အခန်း (၈) ပိုလ်ငါးပါးသီအိုရီ FIVE POWER THEORY | ၆၉ |
| ၁၁။ | အခန်း (၉) Creative Thinking | ၇၃ |


လူ့လောကတွင် လူအများ ရှိနေသရွေ့ ပြဿနာများ ရှိနေမည်ဖြစ်သည်။

ပြဿနာလုပ်သူများ ရှိသကဲ့သို့ ပြဿနာကို မသိကျိုးကျွံပြုသူ၊ ပြဿနာကို ရှောင်လွှဲနေသူ၊ ရင်မဆိုင် ထွက်ပြေးနေသူများလည်း ရှိသည်ပင် ဖြစ်သည်။ သာမန်ပြဿနာလောက်သည် ရေးကြီးခွင်ကျယ် မဟုတ်သော်လည်း အချို့သော ပြဿနာတို့သည် မဖြေရှင်းဘဲထားပါက (ကင်ဆာ) ရောဂါသဖွယ် တဖြည်းဖြည်း ပွားပွားလာကာ ဒုက္ခပေးတတ်ပါသည်။

ပြဿနာသည် အိမ်တွင်းမိသားစုများကြားတွင်လည်း ရှိနိုင်သကဲ့သို့ လူမှု အဖွဲ့ အစည်းများကြားတွင်လည်း ရှိနိုင်ပါသည်။

အကျိုးစီးပွားအပေါ် အခြေခံသည်များ ရှိသကဲ့သို့ လူပုဂ္ဂိုလ်အပေါ် အမြင် မကြည်မှု၊ အစာမကျေမှုကြောင့်လည်း ဖြစ်နိုင်သည်။

သဘောတူထားပါလျက် မလိုက်နာ၊ မဆောင်ရွက်မှုကြောင့်လည်း ပြဿနာ ဖြစ်တတ်ပါသည်။ အချင်းချင်းကြား အကြောမခံချင်ကြ၍လည်း ဖြစ်တတ်ပါသည်။ မမျှတ မမှန်ကန်မှုကြောင့်လည်း ဖြစ်တတ်ပါသည်။

တစ်ဦးနှင့် တစ်ဦး မခံချင်စဖွယ် ပြုမူပြောဆိုမှုကြောင့်လည်း ဖြစ်တတ်ပါသည်။ ဖြန့်ချိမှုမမျှတ၍လည်းကောင်း၊ လုပ်ထုံးလုပ်နည်းမမျှတ၍ လည်းကောင်း၊ တည့်မတ် ပေးမှု မမှန်ကန်၍လည်းကောင်း ပြဿနာ ပေါ်ရသည်များလည်း ရှိပါသည်။

အဆိုပါ ပြဿနာများကို သင် မည်သို့ ဖြေရှင်းမည်နည်း။ ပြဿနာ၏ အဖြေကို သင် မည်သို့ရှာမည်နည်း။ ဤစာအုပ်ပါ မိတ်ဆွေကြီး (၉) ပါးက ဗျူဟာမြောက် သင့်ကို ကူညီကြပါလိမ့်မည်။

အားကိုးလောက်သည့် မိတ်ဆွေကြီး (၉) ပါးအကြောင်း ဤစာအုပ်တွင် ဖော်ပြ ထားသည်။